# ပြည်သူ့လွှတ်တော် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း နိုင်ငံတကာခေါင်းဆောင်မှုကောလိပ် (ILC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

ပြည်သူ့လွှတ်တော် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း သည် နိုင်ငံတကာခေါင်းဆောင်မှုကောလိပ် (ILC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦရေးရာဆောင် (I-12) ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသမီးများ၏အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာ စေရေး၊ အသိပညာများတိုးပွားစေရေးအတွက် နိုင်ငံတကာခေါင်းဆောင်မှုကောလိပ် (ILC) မှ ဖွင့်လှစ်သင်ကြားပို့ချမည့် သင်တန်းများနှင့်ပတ်သက်သည့် ပညာရေးဆိုင်ရာကဏ္ဍများအားရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် နိုင်ငံတကာခေါင်းဆောင်မှုကောလိပ် (ILC) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။